## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် (၆/ ၂၀၂၀)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၆/ ၂၀၂၀)အား Video Conferencing စနစ်ဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင်များသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁)၊ နေပြည်တော်မှ လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃)၊ နေပြည်တော်မှ လည်းကောင်း၊ ကျန်အဖွဲ့ဝင်များသည် သက်ဆိုင်ရာနေရာဒေသများမှ လည်းကောင်း ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၈ ရက်နေ့မှာ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၀) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း (၂)ခု၊ အတည်ပြုလုပ်ငန်း (၆)ခု စုစုပေါင်း (၈)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါလုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း (၂)ခု၊ အတည်ပြုလုပ်ငန်း (၂)ခုနှင့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၄)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၅၉.၉၀၈) သန်းကို ခွင့်ပြု/ အတည်ပြု ပေးခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း (၂,၂၄၇)ဦး ကို ဖန်တီးပေးမည် ဖြစ်ပါသည်။ ခွင့်ပြု/ အတည်ပြု လုပ်ငန်း (၈)ခု မှာ အိမ်ယာ/ အဆောက်အဦကဏ္ဍမှ (၁)ခု၊ အခြားကဏ္ဍမှ (၂)ခုနှင့် စက်မှုကဏ္ဍမှ (၅)ခု ဖြစ်ပါ သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ ဧပြီလ (၂၈) ရက်နေ့ အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၆၂)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၂,၄၁၉.၅၇၀) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၃,၃၅၄.၇၇၃) သန်းဖြစ်ပါသည်။

အထူးစီးပွားရေးဇုန် ဥပဒေအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ ဧပြီလ (၂၈) ရက်နေ့ အထိ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၉၁.၈၅၇) သန်းဖြစ်ပါသည်။

ထို့ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ ဧပြီလ (၂၈) ရက်နေ့အထိ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၃,၄၄၆.၆၃၀) သန်း ဖြစ်ပါသည်။

အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၀) အပါအဝင် ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း (၂)ခု၊ အတည်ပြုလုပ်ငန်း (၂)ခု စုစုပေါင်း လုပ်ငန်း (၄)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါလုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း (၂)ခု၊ အတည်ပြုလုပ်ငန်း (၁)ခုနှင့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု ခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၀.၂၉၀) သန်း အပါအဝင် ကျပ် (၃၉,၃၂၉.၁၃၄)သန်း ဖြစ်ပြီး ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၃၄၀) ဦးကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/ အတည်ပြု လုပ်ငန်း (၄)ခုမှာ စက်မှုကဏ္ဍမှ (၁)ခု၊ အိမ်ယာ/ အဆောက်အဦကဏ္ဍမှ (၁)ခု၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍမှ (၁)ခုနှင့် အခြားကဏ္ဍမှ (၁)ခု ဖြစ်ပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ ဧပြီလ (၂၈) ရက်နေ့ အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၇၃)ခု၊ အမေရိကန်ဒေါ်လာ (၁၅၉.၈၁၆)သန်း အပါအဝင် ကျပ် (၉၈၅,၈၈၀.၂၄၅)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၂၅၃.၂၁၆) သန်း အပါအဝင် ကျပ် (၁,၂၅၁,၂၂၃.၉၁၅) သန်း ဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံရှိ အာမခံကုမ္ပဏီ (၂၄)ခုမှ မတည်ရင်းနှီးငွေ ပမာဏ အမေရိကန်ဒေါ်လာ (၁၂၇.၀၄၄) မီလီယံ၊ ကျပ်ငွေ (၆၇.၃၁၇) ဘီလီယံဖြင့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။